ငါးယှန်ကျေးရွာ

ငါးယှန်ကျေးရွာအုပ်စု၊ ချောင်ဦးမြို့နယ်

စစ်ကိုင်းတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေနှင့်
ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ငါးယှန်ကျေးရွာ
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ချောင်းဦးမြို့နယ်၏
အကူအညီဖြင့် ရေးဆွဲပါသည်။)

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ

မာတိကာ

မာတိကာ	စာမျက်နှာ
စကားချီး	၁
ကျေးရွာသယံဇာတပြဂြေပုံ	၂
ကျေးရွာရာသီခွင်ပြ ပြကွဒိန်	၃
အပိုင်း(၁) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ	၄
(က) နိဒါန်း	၄
(ခ) ရည်ရွယ်ချက် နှင့် စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု	၄
၁။ တည်နေရာနှင့်ပထဝီအနေအထား	၅
၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ	၅
၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ	၅
၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ	၆
၅။ အခြေခံအဆောင်အဦးနှင့်ဝန်ဆောင်မှုများ	၇
၆။ ပညာရေး	၇
၇။ ကျန်းမာရေး	၈
၈။ ဘေးအန္တရာယ်ထိခိုက်မှုများနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး	၈
၉။ ကျား-မ ရေးရာ	၉
၁၀။ ဦးစားပေးဆောင်ရွက်ရမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ	၁၀
နောက်ဆက်တွဲဇယားများ	၁၁
အပိုင်း(၂)စီမံချက်ဆိုင်ရာအချက်အလက်	၁၂-၁၆
ကော်မတီဝင်များစာရင်း	၁၇

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် မှ ၂၀၂၂-၂၀၂၃ ခု၊ ဘဏ္ဍာရေးနှစ် အထိ(၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာသူ/ ကျေးရွာသားများ ပူးပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ကနဦး အနေဖြင့်စီမံချက် ဖြစ်မြောက်ရေး အတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မိမိတို့ကျေးရွာအား ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်နိုင်ရန် ပူးပေါင်းညှိနှိုင်း ရွေးချယ်ပေးခဲ့ကြပါသော လွှတ်တော်ကိုယ်စားများ အသီးသီး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ နှင့် ကော်မတီဝင် များအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ ကျေးရွာနှင့်သက်ဆိုင်သည့် ဒေသန္တရ အရေးကြီး အချက်အလက်များ နှင့် အကြံဉာဏ်များကို တက်ကြွစွာ ကူညီပံ့ပိုးပေးကြပါသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်း များကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို အစီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိရှိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြသည့်နည်းလမ်းအတွက် ကူညီပံ့ပိုးပေးမည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ ဦးဆောင်၍ သင်တန်းပို့ချ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်း နှင့် သတင်း အချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့အပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း အချက်အလက်များ နှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ အကူအညီရယူရန် လိုအပ်ကြောင်း ကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(၁)တွင် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေး အခြေအနေ နှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အဓိကဖော်ပြထားပြီးအပိုင်း(၂)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။


ကျေးရွာဖွံ့ဖြိုးရေးကော်မတီ


ငါးယှန်ကျေးရွာ၊ချောင်းဦးမြို့နယ်

ရက်စွဲ၊၂၀၁၈ ခုနှစ်၊ သြဂုတ်လ( )ရက်

ငါးယှန်ကျေးရွာ သယံဇာတပြမြေပုံနှင့် ရာသီခွင်ပြ ပြက္ခဒိန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်





အပိုင်း(၁) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ နှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ

(က) နိဒါန်း

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာ ဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့်အစီအစဉ်ဖြစ်ကြောင်း သိရှိရပါသည်။ ကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာ ပါဝင်၍ ရေးဆွဲ ပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေး ဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက် အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိသည့်အပြင် ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်း အချက်အလက် များရယူရန် နှင့် ဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာ များရရှိရန် အရေးကြီး ကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေး နှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေ ရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုး ဖြစ်စေသော အချက်များ နှင့် အဟန့်အတား ဖြစ်စေသော အချက်များအပေါ် အခြေခံ၍ (၅)နှစ်တာ ကာလအတွင်း ဆောင်ရွက်လိုသည့် ရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေ နှင့် ဆောင်ရွက်မည့် စီမံချက်များကိုဖော်ထုတ်၍ အစိုးရ ဌာနများ၊ အစိုးရ မဟုတ်သောအဖွဲ့အစည်းများ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများ၊ သတင်း နှင့် ပြည်သူ့ ဆက်သွယ်ရေးအဖွဲ့အစည်း ဆောင်ရွက်ခြင်းဖြစ်ပါသည်။

(ခ) ရည်ရွယ်ချက်

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်ပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှု ရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်းဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ငါးယှန်ကျေးရွာ၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာ ဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ရပါမည်။ ကျွန်ုပ်တို့စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုအပေါ် မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၁။ တည်နေရာနှင့် ပထဝီအနေအထား

ငါးယှန်ကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်အတွင်း မုံရွာ-မန္တလေးကားလမ်းမကြီးဘေးတွင် တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ ချောင်းဦးမြို့နှင့် (၃)မိုင်သာ ကွာဝေးပြီးဆက်သွယ်သွားလာရ လွယ်ကူပါသည်။ မြေပြန့်ဒေသတွင်တည်ရှိပြီး စိုက်ပျိုးရေအတွက် မိုးရေကိုသာ အသုံးပြုနိုင်ပါသည်။

၂။ ရာသီဥတု နှင့် သဘာဝအရင်းအမြစ်များ

မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသဖြစ်ပါသည်။ ငါးယှန်ကျေးရွာသည် တစ်နှစ်ပျှမ်းမျှမိုးရေချိန် လက်မ(၃၀) နှင့် လက်မ(၄၀) ကြားရှိပါသည်။ စိုက်ပျိုးမြေဧက (၄၅၁၆)ဧက ခန့်ရှိပြီး မြေပဲနှင့်ဖရဲသီးနှံများ အဓိက စိုက်ပျိုးပါသည်။သဘာဝပေါက်ပင်များမှာ တမာ၊မန်ကျည်း၊ထနောင်းနှင့် ဆူးဖြူပင်များ ပေါက်ရောက်ပါသည်။သဘာဝ တိရစ္ဆာန်မျိုးစိတ် ရရှိနိုင်မှုနည်းပါးပြီး ဆေးဘက်ဝင်အပင်များမှာ သာမန်အတွေ့ရများသော အပင်များသာ ရှိပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျေးရွာတွင် အိမ်ထောင်စုဝင်ပေါင်း(၈၄၃)ရှိပြီး၊ စုစုပေါင်းလူဦးရေ(၃၆၅၉)ဦး၊ ကျား(၁၇၁၃)ဦး၊မ(၁၉၄၆)ဦး မှီတင်းနေထိုင်ကြပါသည်။ ကျေးရွာရှိ လူဦးရေတွင် အလုပ်လုပ်နိုင်သူ အသက်(၁၅)နှစ်မှ(၆၄)နှစ်အတွင်း လူဦးရေ (၂၆၁၅)ဦးရှိပါသည်။

(ခ) စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင်လူမှုရေးဆိုင်ရာ အဖွဲ့အစည်း(၇)ဖွဲ့၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ(၂)ဖွဲ့ ရှိပါသည်။ ယင်းအဖွဲ့အစည်းများအနက်အမျိုးသမီးရေးရာအဖွဲ့နှင့် ကာလသားအဖွဲ့များမှ ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများ လှုပ်ရှားဆောင်ရွက်မှုများရှိပြီး ကျေးရွာ၏ လူမှုရေး၊ ဘာသာရေးကိစ္စတို့တွင်လည်း ချက်ပြုတ် ကျွေးမွေးရေး လုပ်ငန်းများကို တာဝန်ခွဲဝေ ဆောင်ရွက်ကြသည်။ ၎င်းအပြင် အမျိုးသမီးရေးရာနှင့် လူငယ်အဖွဲ့ အနေဖြင့် ကျေးရွာ၏ စိုက်ပျိုးရေး၊ စီးပွါးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ချေးငွေရရှိရေး ဆောင်ရွက် ပေးခြင်း များရှိပြီး၊ ကျေးရွာသူ/ကျေးရွာသားများ မှာလည်း ညီညွတ်စွာပူးပေါင်းပါဝင် ဆောင်ရွက်လျှက် ရှိကြပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) စီးပွားရေးအခြေအနေ

အဓိကဝင်ငွေရလုပ်ငန်းသည်စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံးရှိအိမ်ထောင်စု တစ်ဝက်သာ ဝင်ငွေ အနေအထား မှာ အသင့်အတင့်ကောင်းမွန်ပါသည်။ ဥစ္စာဓနအဆင့်သတ်မှတ်ရာတွင် အိမ်ထောင်စုအားလုံး၏ (၄၇%)သည် အလွန်မပြေလည် သောအိမ်ထောင်စုများဖြစ်ကြပြီး၊(၂၄%)သည် မပြေလည်သော အိမ်ထောင်စု(၁၈%)သည် အလယ်အလတ် ရှိသော အိမ်ထောင်စု နှင့် (၁၀%)သောအိမ်ထောင်စုသည် ချမ်းသာသော အဆင့်ရှိကြပါသည်။

(ခ) စိုက်ပျိုးနိုင်သည့် မြေရိယာ

ကျေးရွာတွင် လယ်ယာပိုင်ဆိုင်မှု လက်လှမ်းမှီခြင်းကြောင့် စိုက်ပျိုးရေးအနေအထား အသင့်အတင့် ကောင်းပါသည်။ ချမ်းသာသော အိမ်ထောင်စုများအပြင် အခြားလယ်သမား အိမ်ထောင်စု အချို့မှာ လယ်သမား၊ ပန်းရံစသော လုပ်ငန်းများတွင်လည်း ပါဝင် လုပ်ကိုင်ကြပါသည်။ ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံး မြေယာအနည်းငယ်မျှ ပိုင်သော လယ်သမားများ၊လက်လုပ်လက်စား မြေယာမဲ့အိမ်ထောင်စုများ ပါဝင်သည်။ကျေးရွာတွင် မြေယာမဲ့

အိမ်ထောင်စုအရေအတွက် (၄၇%)ထိ ရှိကာ ဆင်းရဲနှင့် အလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများ ဖြစ်ကြသည်။

(ဂ) အဓိကသီးနှံများနှင့် အထွက်နှုန်း

ကျေးရွာ၏ အဓိကသီးနှံများမှာ မြေပဲ၊ဖရဲ၊ပဲတီစိမ်း၊ပဲစိမ်းငုံနှင့်နှမ်း စိုက်ပျိုးခြင်းများ လုပ်ကိုင်ကြပါသည်။ အဓိက မြေပဲမှာ တစ်ဧကလျှင် အနည်းဆုံး(၆)တင်း၊ အများဆုံး(၁၆)တင်းနှင့် ပျှမ်းမျှ (၁၀)တင်းထွက်ရှိသည်။ဖရဲတစ်ဧကလျှင် အနည်းဆုံး(၉)တန်၊အများဆုံး(၁၂)တန်နှင့် ပျှမ်းမျှ(၁၀)တန် ထွက်ရှိပါသည်။ မြေပဲနှင့် ဖရဲသီးနှံ စိုက်ပျိုးမှု အများဆုံးဖြစ်ပြီး လယ်ယာမြေမရှိသူများလည်း လယ်မြေအငှားစနစ်ဖြင့် စိုက်ပျိုးကြပါသည်။

(ဃ) မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှု အခြေအနေ

ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းအနေဖြင့် ဝက်၊ကြက်များကို စီးပွားဖြစ် မွေးမြူကြသည်။ အချို့အိမ်ထောင်စုများသည် သိုး၊ဆိတ်များကို တစ်ပိုင်တစ်နိုင် မွေးမြူကြပြီး နွားများကို စိုက်ပျိုးရေးလုပ်ငန်းများတွင် ခိုင်းစေရန်အတွက်သာ မွေးမြူကြသည်။ငါးမွေးမြူရေးလုပ်ငန်းဆောင်ရွက် ခြင်းမရှိပါ။

(င) စိုက်ပျိုးမွေးမြူရေး မဟုတ်သော စီးပွါးရေးလုပ်ငန်းများ

ငါးယှန်ကျေးရွာတွင် အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများအဖြစ် စိုက်ပျိုးရေး နေ့စားလုပ်သားများ၊ဈေးရောင်း၊ ခေါင်းရွက်ဗျက်ထိုးနှင့် အစိုးရဝန်ထမ်းတို့ ဖြစ်ကြသည်။ပန်းရံ၊လက်သမားလုပ်ငန်း၊နေ့စားအလုပ်သမားအဖြစ်လုပ်ကိုင်သောအိမ်ထောင်စု(၁၀၇)ဦးရှိပြီးအလုပ်သမားပေါင်း(၁၁၄)ဦး၊ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သောအိမ်ထောင်စု(၂၀)စုရှိပြီး၊မိသားစုဝင်(၂၀)ဦးဖြင့်လည်းကောင်း၊ဝန်ထမ်း(၇)ဦး၊မိသားစုဝင်(၇)ဦးဖြင့်လည်းကောင်းဆောင်ရွက်လျက်ရှိကြပြီး ရပ်တည်နိုင်မှုအနေဖြင့်အလယ်အလတ်အဆင့်နှင့် အနိမ့်အဆင့်တွင် ရှိကြောင်း သိရသည်။

၅။ အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(က) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက် လက်လှမ်းမီမှုအခြေအနေ

ငါးယှန်ကျေးရွာသည် မုံရွာ-မန္တလေးကားလမ်းဘေးတွင် တည်ရှိပြီး လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်ပါသည်။ငါးယှန်ကျေးရွာ နှင့် အနီးဆုံးဈေးမှာချောင်းဦးမြို့၊မြို့မဈေးဖြစ်ပြီး (၃)မိုင်ခန့် ဝေးပြီးစားသောက်ကုန်နှင့်လူသုံးကုန်ပစ္စည်းအားလုံး အလွယ်တကူနှင့်ဝယ်ယူရရှိနိုင်ပါသည်။

အကြီးစား ဈေးကွက်ဖြစ်သည့် မုံရွာနှင့်လည်း(၁၇)မိုင်သာဝေးကွာသည့်အတွက်လွယ်ကူစွာသွားလာနိုင်ပါသဖြင့် ဈေးကွက် ဝန်ဆောင်မှု ကောင်းမွန်ပါသည်။

(ခ) လမ်း၊တံတား၊သယ်ယူပို့ဆောင်ရေး၊လျှပ်စစ်မီး၊ဆက်သွယ်ရေးနှင့်သတင်း

ငါးယှန်ကျေးရွာ၏ ရွာတွင်းလမ်းများမှာ မြေသားလမ်းများဖြစ်ပြီး၊ မိုးရာသီတွင် သွားလာရခက်ခဲပါသဖြင့် လမ်းအဆင့်မြှင့်တင်ရန် လိုအပ်နေပါသည်။ရေလမ်းခရီးအသုံးပြုမှုမရှိပဲ လမ်းပန်းဆက်သွယ်ရေးအတွက် စက်ဘီး (၃၁)စီး၊ မော်တော် ဆိုင်ကယ်(၈၂၀)စီး၊ ထော်လာကျီ (၃၈)စီး၊ ကား(၁၁)စီး နှင့် နွားလှည်း(၂၀၃)စီး အသုံးပြုလျှက် ရှိပါသည်။

မဟာဓါတ်အားလိုင်း သွယ်တန်းရရှိပြီးဖြစ်သဖြင့် လျှပ်စစ်မီးသုံးစွဲနိုင်သော အိမ်ထောင်စုမှာ တစ်ရွာလုံးအနေဖြင့် (၃၃%)သာသုံးစွဲနိုင်ကြပြီးတစ်အိမ်သုံးဆိုလာစနစ်သုံးစွဲသောအိမ်ထောင်စု(၁၇%)နှင့်(၆၇%)သောအိမ်ထောင်စုများသည် လျှပ်စစ်မီးအသုံးပြုနိုင်ခြင်းမရှိသေးပါ။

ကျေးရွာရှိ အိမ်တိုင်းသည်လက်ကိုင်ဖုန်းများအသုံးပြုနေကြပြီးဖြစ်ပါသည်။ အင်တာနက် အသုံးပြုနိုင်မှုမှာအားကောင်းပြီးအခြားသတင်း အချက်အလက်များအတွက် ရေဒီယို၊ တီဗွီ၊ စလောင်းများ တပ်ဆင်ထား သဖြင့် ဆက်သွယ်ရေး ကောင်းမွန်ကြောင်းတွေ့ရပါသည်။

၆။ ပညာရေး

ကျေးရွာတွင် မူလတန်းကျောင်းသားပေါင်း(၂၅၁)ဦး၊ အလယ်တန်း ကျောင်းသားပေါင်း(၁၇၇)ဦး၊ အထက်တန်း ကျောင်းသား(၈၄)ဦးနှင့်တက္ကသိုလ်၊ ကောလိပ်ကျောင်းသား(၁၉)ဦးရှိပြီး လက်ရှိကျောင်းတက်နှုန်းမှာ ကျေးရွာလူဦးရေ၏(၁၄.၅%)ရှိပါသည်။

ကျေးရွာတွင်အထက်တန်းကျောင်းခွဲရှိပြီး ကျောင်းဆောင်(၄)ဆောင်ရှိပါသည်။တန်းနှင့် အထက်တန်းကျောင်းသား/သူများအတွက်ကျောင်းဆောင်သစ်(၂)ဆောင်း ဆောက်လုပ်လျက်ရှိရာ အပြီးသတ်ဆောင်ရွက်နိုင်ခြင်းမရှိသေးပါ။ ကျောင်းဆရာမ/ဆရာဦးရေမှာ အထက်တန်းကျောင်းသား/သူ များအတွက်လိုအပ်လျက်ရှိပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ငါးယှန်ကျေးရွာအနေဖြင့် ဝမ်းပျက်ဝမ်းလျော ရောဂါ၊ရာသီတုပ်ကွေးရောဂါများရာသီအလိုက်အနည်းအကျဉ်းတွေ့ရှိရပါသည်။ဆီးချို၊တီဘီရောဂါများမှာအသက်(၄၀)ကျော်အရွယ်များအဖြစ်များကြပါသည်။

ကျန်းမာရေးဝန်ဆောင်မှုအနေဖြင့် ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိပြီး ကိုယ်ဝန်ဆောင် မိခင်များ နှင့် ကလေးငယ်များအတွက် လစဉ်ပုံမှန်ကာကွယ်ဆေးထိုးနှံပေးလျက်ရှိပါသည်။အရေးပေါ်အခြေအနေဖြစ်ပါက ချောင်းဦးမြို့နယ်ဆေးရုံသို့ သွားရောက်ကုသကြပါသည်။

ကျေးရွာတွင် အိမ်ထောင်စု(၈၄၃)စုရှိပြီး၊ယင်လုံအိမ်သာ(၈၂၈)လုံး ရှိပြီး အိမ်ထောင်ငယ်(၁၅)စုမှာ တစ်ဝန်းထဲနေမိဘများအိမ်တွင် သုံးစွဲကြပါသည်။တစ်ရွာလုံးယင်လုံအိမ်သာ သုံးစွဲမှု ကြောင့် ကူးစက်ရောဂါ ဖြစ်ပွားး မှုနည်းပါးသည်။ စာသင်ကျောင်းတွင်လည်း ယင်လုံအိမ်သာရှိ သဖြင့် ကျောင်းသား /သူ များအတွက် အသုံးပြုရန်လွယ်ကူသည်။

၈။ ဘေးအန္တရာယ်ထိခိုက်မှုများနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံမှုမှာ အလယ်အလတ်အဆင့်တွင်ရှိသည်။ စားနပ် ရိက္ခာမဖူလုံမှုကို ကဆုန်၊နယုန်၊ဝါဆိုလများတွင် အများအားဖြင့် တွေ့ရှိရပါသည်။ သဘာဝအရင်း အမြစ် ရှားပါးမှု(မြေ၊စိုက်ပျိုးရေ)အတွက် မိုးရေနှင့်ချောင်းရေကိုသာအသုံးပြုရသဖြင့် မိုးခေါင်သောနှစ်များတွင် တောင်သူများ အနေဖြင့် သီးနှံများပျက်စီးဆုံးရှုံးမှုများကြုံတွေ့ရပါသည်။ တိရိစ္ဆာန်ကူးစက် ရောဂါ ကျရောက်မှုမှာ တပေါင်း၊တန်ခူး၊ ကဆုန်လများတွင်ခွာနာလျှာနာရောဂါများကျရောက်တတ်သည်။ မြေဆီလွှာပျက်စီးခြင်း၊သစ်တောပြုန်းတီးခြင်းနှင့် ပတ်သတ်၍ အန္တရာယ်ရှိနိုင်မှုမှာ လတ်တင်ရှိပြီး အအေးလွန်ကဲခြင်း၊မုန်တိုင်း၊ ငလျင်၊ မီးဘေးတို့မှာ ဖြစ်ပေါ်မှုနည်းပါးသဖြင့် နိမ့်အဆင့်တွင်ရှိသည်။ ကူးစက်ရောဂါဖြစ်ပွားမှုမှာလည်းတွေ့ကြုံမှုနည်းပါးပြီး အုပ်ချုပ်ရေးကောင်းမွန်သော အရပ်ဖြစ်သဖြင့် ပဋိပက္ခမရှိခြင်း၊လူကုန်ကူးမှုမရှိခြင်း၊လမ်းပန်းခက်ခဲမှုမရှိသဖြင့်ထိခိုင်နိုင်သည့် အန္တရာယ်ထိခိုက်မှု အခြေအနေ မှာ နိမ့်ဖြစ်ပါသည်။

၉။ ကျား-မ ရေးရာ

ငါးယှန်ကျေးရွာတွင် ကျား-မရေးရာဆက်နွယ်မှု အနေအထားမှာ ခွဲခြားဆက်ဆံမှုမရှိပါ။ ကျား-မ ဆိုင်ရာ တာဝန်ယူမှုများကို သတ်မှတ်ထားကြပြီး ကျား-မ အကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှု ကိစ္စများ မရှိပါ။ ပညာရေးနှင့် အခြားနယ်ပယ်များတွင်လည်း အခွင့်အရေးတန်းတူညီစွာ ရရှိပြီး အုပ်ချုပ်ရေး အဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှု လျော့နည်းသော်လည်း အခြားလူမှုရေးအသင်းအဖွဲ့များတွင်အမျိုးသမီး များ ပါဝင်လုပ်ကိုင်ကြပါသည်။ ကျား-မ တန်းတူညီမှုနှင့်ပတ်သတ်၍ အသိပညာပေးခြင်းများကို မြင့်တင် ဆောင်ရွက်ပေးခြင်းအားဖြင့် ကျား-မ တန်းတူ ညီမျှမှု ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်စေနိုင်ပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်ရမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

(က) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်း ခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ/သားအုပ်စု (၅) စု၊ (က)ရပ်မိရပ်ဖအုပ်စု၊(ခ)တောင်သူအုပ်စု၊ (ဂ)စိုက်ပျိုးမွေးမြူရေး မဟုတ်သောအုပ်စု၊ (ဃ)အမျိုးသမီး အုပ်စု၊(င)လူငယ်အုပ်စု စသည့်အုပ်စု(၅)စုမှ စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ၊ အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ –

စီမံချက်	အကဲဖြတ်အမှတ်ပေးသူ (၁)	အကဲဖြတ်အမှတ်ပေးသူ (၂)	အကဲဖြတ်အမှတ်ပေးသူ (၃)	အကဲဖြတ်အမှတ်ပေးသူ (၄)	အကဲဖြတ်အမှတ်ပေးသူ (၅)	ရမှတ်ပေါင်း	ဦးစားပေးအဆင့်

၁။ ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း	၁၀	၁၀	၉	၁၀	၉	၄၈	၁
၂။စာသင်ကျောင်းဆောင်(၂)ဆောင် အားအပြီးသတ်ဆောက်လုပ်ခြင်း	၁၀	၈	၁၀	၉	၈	၄၅	၂
၃။ကျေးရွာအရှေ့ရေကျော်ချောင်းမှကျွဲကျချောင်းသို့ရေလွှဲမြောင်းဖောက်လုပ်ခြင်းနှင့်ကျေးရွာလမ်းသွယ် များကျောက်လမ်းခင်းခြင်း	၈	၁၀	၅	၁၀	၇	၄၀	၃
၄။သောက်သုံးရေကန်မှ ရေဖြန့်ဝေရေးစနစ်ပြုလုပ်ခြင်းနှင့် အမှိုက်ကားတည်ထောင်ခြင်း	၉	၁၀၀	၅	၇	၆	၃၇	၄
၅။ကန်မကြီးရေယိုစိမ့်သောနေရာအား	၈	၁၀	၅	၅	၄	၃၂	၅

ရေထိန်းရေကာတာ ပြု လုပ်ရန်နှင့်ဈေး ထွက်လမ်းခွဲတွင်တံ တားတည်ဆောက်ရ န်							

(ခ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန်ခန့်မှန်းဖော်ပြထားသည့်ဦးစားပေး စီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်-

စီမံကိန်း	ဦးစားပေးအဆင့်	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂
၁။ ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း	၁	✔	-	-	-	-
၂။စာသင်ကျောင်း ဆောင်(၂)ဆောင် အားအပြီးသတ်ဆောက်လုပ်ခြင်း	၂	-	✔	-	-	-
၃။ကျေးရွာအရှေ့ရေကျော်ချောင်းမှကျွဲကျချောင်းသို့ရေလွှဲမြောင်းဖောက်လုပ်ခြင်းနှင့်ကျေးရွာလမ်းသွယ် များကျောက်လမ်း ခင်းခြင်း	၃	-	-	✔	-	-
၄။သောက်သုံးရေကန်မှ ရေဖြန့်ဝေရေးစနစ်ပြုလုပ်ခြင်းနှင့်အမှိုက်ကားတည်ထောင်ခြင်း	၄	-	-	-	✔	-
၅။ကန်မကြီးရေယို စိမ့်သောနေရာအား ရေထိန်းရေကာတာ ပြုလုပ်ရန်နှင့်စျေး	၅	-	-	-	-	✔

ထွက်လမ်းခွဲတွင်တံတားတည်ဆောက်ရန်						

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ ငါးယှန်ကျေးရွာအုပ်စု၊ ငါးယှန်ကျေးရွာ
ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

နောက်ဆက်တွဲ (၃)

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်း များ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	ကျေးရွာ ရွာတွင်းလမ်း ပျက်စီးခြင်း	ကျေးရွာတွင်းလမ်းများသည် မြေသားလမ်း ဖြစ်၍ မိုးရာသီတွင် ရွံ့စေးရွံ့ဗွက်များကြောင့် ကျေးရွာနေပြည်သူများနှင့် ကျောင်းသူ/သားများ သွားလာ ရာတွင် ခက်ခဲခြင်း	ကျေးရွာသူ/သားများ စုပေါင်း၍လုပ်ငန်းများ အတွက် လိုအပ်သော လုပ်အားနှင့်ငွေကြေး ပူးပေါင်းပါဝင်ဆောင် ရွက်နိုင်ခြင်း။	ကျေးရွာတွင် လုံလောက်သော မတည် ရန်ပုံငွေ မရှိခြင်း။	ကျေးရွာ ရွာတွင်းလမ်းများ မြေသားလမ်းမှ ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ခြင်း	ကျေးရွာ ရွာတွင်းလမ်းများ ကွန်ကရစ်လမ်း ခင်းခြင်း (၁၆၅၀'-၀"×၁၂'-၀"×၀'-၆")
၂	စာသင်ကျောင်း	ကျေးရွာတွင်အထက်တန်း	ကျေးရွာသူ/သား	ကျေးရွာတွင်	စာသင်ကျောင်းဆောင်	စာသင်ကျောင်းဆောင်

	ဆောင် (၂)ဆောင် အားအပြီးသတ် မဆောင်ရွက်နိုင်ခြင်း	ကျောင်းခွဲရှိပြီး KG တန်း အတွက် ကျောင်းဆောင် နှင့် အထက်တန်းအတွက် ကျောင်းဆောင်ဆောက်လုပ် လျက်ရှိရာ အပြီးသတ် မဆောက်လုပ်နိုင်ပါသဖြင့် ကျောင်းသူ/သားများ စာသင်ကြားရာတွင် နေရာ အခက်အခဲဖြစ်ခြင်း	များ စုပေါင်း၍ လုပ်ငန်းအတွက် လိုအပ်သော လုပ်အားနှင့် ငွေကြေး ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ခြင်း	လုံလောက်သော မတည်ရန်ပုံငွေ မရှိခြင်း။	(၂)ဆောင်အား အပြီးသတ် ဆောင်ရွက်ခြင်း	(၂)ဆောင်အား အပြီးသတ် ဆောင်ရွက်ခြင်း (၉၀'×၃၀')နှင့် (၂၀'×၂၀')
၃	မိုးရာသီ ချောင်းရေ ကြီးချိန်တွင် ကျေးရွာ အတွင်း ချောင်းရေ များ ဝင်ရောက်ခြင်း နှင့် ရွာတွင်းလမ်း များ ပျက်စီးခြင်း	ကျေးရွာတွင် မိုးရာသီ၌ ချောင်းရေကြီးချိန်တွင် ကျေးရွာအရှေ့ရေကျော်မှ ကျေးရွာတွင်းသို့ ရေများ ဝင်ရောက်မှုကြောင့် သွားလာရခက်ခဲခြင်းနှင့် ကျန်းမာရေးထိခိုက်ခြင်း များ ဖြစ်ပွားခြင်း	ကျေးရွာသူ/သား များ စုပေါင်း၍ လုပ်ငန်းအတွက် လိုအပ်သောလုပ် အား ပူးပေါင်း ပါဝင် ဆောင်ရွက်နိုင်ခြင်း	ကျေးရွာတွင် လုံလောက်သော မတည်ရန်ပုံငွေ မရှိခြင်း။	ကျေးရွာအရှေ့ ရေကျော်မှ ကျေးရွာ အနောက် ကျွဲကျ ချောင်း သို့ ရေလွှဲ မြောင်း ဖောက်လုပ် ရန်နှင့် ရွာတွင်းလမ်း များ အဆင့်မြှင့်တင်ရန်	ရေလွှဲမြောင်းဖောက်လုပ် ရန်နှင့် ရွာတွင်းလမ်း သွယ်များအား ကျောက် လမ်းခင်းရန်
၄	သောက်သုံးရေ ရှားပါးခြင်း၊ စွန့်ပစ်အမှိုက်	ကျေးရွာတွင် သောက်သုံး ရေအတွက် သောက်ရေ တွင်း (၁)တွင်းသာ ရှိရာ	ကျေးရွာသူ/သားမျ ား စုပေါင်း၍ လုပ်ငန်း အတွက်	ကျေးရွာတွင် လုံလောက်သော မတည်ရန်ပုံငွေ	သောက်သုံးရေ ဖြန့်ဝေရန် ပိုက်လိုင်း သွယ်တန်းခြင်း၊	သောက်သုံးရေ ဖြန့်ဝေရန် ပိုက်လိုင်း သွယ်တန်းခြင်း၊

	ပေါများခြင်း	ရွာသူ/သားများအားလုံး သွားရောက်ခပ်ယူ သုံးစွဲနေရ၍ အလုပ်အကိုင် ပျက်ခြင်း၊ စွန့်ပစ်အမှိုက် များကြောင့် ကျန်းမာရေး ထိခိုက်ခြင်း	လိုအပ်သော လုပ်အားနှင့်ငွေ ြေ ြေး ပူးပေါင်း ပါဝင် ဆောင်ရွက်နိုင်ခြင်း	မရှိခြင်း။	အမှိုက်ကား တည်ထောင်ခြင်း	အမှိုက်ကား တည်ထောင်ခြင်း
၅	သောက်သုံးရေကန် ရေယိုစိမ့်ခြင်း၊ ဈေးထွက်လမ်း ရေကျော်နေရာ ပျက်စီးခြင်း	ကျေးရွာရှိ သောက်သုံး ရေကန်မှာ ရေယိုစိမ့်မှု ကြောင့် ကျေးရွာ သောက်သုံး ရေ ရရှိမှု လျော့နည်း သွား ခြင်း၊ ဈေးထွက်လမ်း ရေကျော်နေရာ ပျက်စီး ခြင်းကြောင့် ရွာသူ/သားများ သွားလာရ ခက်ခဲခြင်း	ကျေးရွာသူ/သား များ စုပေါင်း၍ လုပ်ငန်းအတွက် လိုအပ်သောလုပ် အား ပူးပေါင်း ပါဝင် ဆောင်ရွက် နိုင်ခြင်း	ကျေးရွာတွင် လုံလောက်သော မတည်ရန်ပုံငွေ မရှိခြင်း။	သောက်သုံးရေကန်အား ရေထိန်းရေကာတာ ပြုလုပ်ခြင်း၊ ရေကျော် နေရာ တံတား တည်ဆောက်ခြင်း	သောက်သုံးရေကန်အား ရေထိန်းရေကာတာ ပြုလုပ်ခြင်း၊ ရေကျော် နေရာ တံတား တည်ဆောက်ခြင်း

စီမံချက်အဆိုပြုလွှာ(သို့)စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ	- ငါးယှန်ကျေးရွာ
ကျေးရွာအုပ်စု	- ငါးယှန်အုပ်စု
မြို့နယ်	- ချောင်းဦးမြို့နယ်
တိုင်းဒေသကြီး/ပြည်နယ်	- စစ်ကိုင်းတိုင်းဒေသကြီး
စီမံချက်အမည် - ကျေးရွာ ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း (၁၆၅၀'-၀"×၁၂'-၀×၀'-၆")	
စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက်(သို့)လက်ရှိအခြေအနေ - လက်ရှိကျေးရွာ ရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပါသည်။ - မိုးရာသီတွင် ရွံ့စေး၊ရွံ့ဗွက်များကြောင့် သွားလာရေးခက်ခဲနေပါသည်။ - မိုးရာသီတွင် ပညာသင်ကြားနေကြသော ကျောင်းသား/သူများ၏ ကျောင်းသွားရာတွင် ခက်ခဲခြင်း၊ - ကျန်းမာရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုယာဉ်များ ခက်ခဲစွာ ဝင်ထွက်သွားလာနေရခြင်း။ - မိုးရာသီတွင် စိုက်ပျိုးသီးနှံများသယ်ယူပို့ဆောင်ရာ၌ ကား/ထော်လာကျီများ သွားလာရာတွင် ခက်ခဲနေပါသည်။	
စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအားပိုကောင်းအောင်ဆောင်ရွက်လိုသည့်ဆန္ဒဖော်ပြရန်) - မိုးရာသီတွင်သာမက ရာသီမရွေး ကျေးရွာတွင်းသွားလာရလွယ်ကူစေရန်။ - မိုးရာသီတွင်လည်း စိုက်ပျိုးသီးနှံများအားစျေးကွက်သို့အချိန်မီသယ်ယူရောင်းချနိုင်မည်ဖြစ်၍ သီးနှံစျေးကွက်နောက်ကျခြင်းများမရှိစေရန်။ - ပညာသင်ကြားနေကြသောကျောင်းသားသူများ၏ကျောင်းသွားရာတွင် အခက်အခဲများမရှိစေခြင်းဖြင့် ပညာရေးနှောင့်နှေးမှုမရှိစေရန်။ - ကျန်းမာရေးစောင့်ရှောက်မှုယာဉ်များ ရာသီမရွေးသွားလာနိုင်ရန်။	
မျှော်မှန်းအကျိုးရလဒ်(လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိရလာမည့်အကျိုးကျေးဇူးများ	

)

- လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့လာမည်ဖြစ်ပါသဖြင့် ကျေးရွာဖွံ့ဖြိုးရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း(ဘာလုပ်မည်၊ ဘယ်လောက်ပမာဏလုပ်ရမည်)

- ကျေးရွာ ရွာတွင်းလမ်းအားကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း(၁၆၅၀'-၀"×၁၂'-၀×၀'-၆") ဆောင်ရွက်ပါမည်။
- လုပ်ငန်းခန့်မှန်းကုန်ကျငွေ ငွေကျပ်(၂၁၉၄၀၀၀၀/-)ဖြစ်ပါသည်။

စီမံချက်ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ်(ကျပ်)	ထည့်ဝင်မည့်အစီအစဉ်
• ၁၀၀၀၀၀၀၀/- (ငွေသား) • ၁၁၉၄၀၀၀၀/- (ငွေသား) • (ပစ္စည်း/လုပ်အား)	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှုအဆင့်အတန်း(အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၁၇၁၃	၁၉၄၆	**၃၆၅၉**	၉၄	၁၅၅	၁၉၇	၃၉၇	**၈၄၃**
အကျိုးခံစားမည့်သူဦးရေ	၁၇၁၃	၁၉၄၆	**၃၆၅၉**	၉၄	၁၅၅	၁၉၇	၃၉၇	**၈၄၃**
မှတ်ချက်။ ချောင်လည်အဆင့်-၁၊ အလယ်အလတ်အဆင့်-၂၊ဆင်းရဲ-၃၊အလွန်ဆင်းရဲ-၄								

စီမံချက်အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ

(၁)တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ)

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၂)စီမံချက်စတင်မည့်အချိန် ခန့်မှန်း - ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ

(၃)စီမံချက်ပြီးစီးမည့်အချိန် - ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလကုန်

(၄)ကျေးရွာထည့်ဝင်မှုရရှိအောင်ဆောင်ရွက်မည့်အစီအစဉ် -

ကွန်ကရစ်လမ်းခင်းခြင်း (၁၆၅၀'-၀"×၁၂'-၀×၀'-၆")လုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေ (၂၁၉၄၀၀၀၀/-) တွင် ကျေးရွာပြည်သူလူထုမှ ငွေကျပ်(၁၁၉၄၀၀၀၀/-) ပူးပေါင်းပါဝင်ဆောင်ရွက်ပါမည်။

(၅)လုပ်ငန်းလည်ပတ်ရေး၊ပြုပြင်ထိန်းသိမ်းရေးတို့အတွက်အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာအစီအစဉ်များ

- ကျေးရွာလူထု အစည်းအဝေးခေါ်ယူပြီးနောက် ကျေးရွာလိုအပ်ချက်များဆွေးနွေးတိုင်ပင်၍ ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များရေးဆွဲပါမည်။
- ကွန်ကရစ်လမ်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက်လမ်းအသုံးပြုခြင်းဆိုင်ရာစည်းမျဉ်းစည်းကမ်း

ညွှန်ကြားချက်များ ထုတ်ပြန်ပါမည်။

- စီမံကိန်းပြီးလျှင်ပြီးချင်း သက်ဆိုင်ရာဦးစီးဌာနထံသို့ အထောက်အထားများနှင့်အတူတကွ ပြီးစီးကြောင်း အစီရင်ခံပါမည်။

ငါးယှန်ကျေးရွာ၊ ငါးယှန်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးမြနှင်း	ဦးဘခင်	၅/ခဥတ(နိုင်)၀၁၁၀၉၂	၅၅	ဥက္ကဋ္ဌ	၀၉- ၇၉၃၁၆၃၃၀
၂	ဦးလှကျောင်း	ဦးမြရှိန်	၅/ခဥတ(နိုင်)၀၁၁၇၇၁	၅၇	ဒု-ဥက္ကဋ္ဌ	-
၃	ဦးတင်ထွန်း	ဦးကျောက်	၅/ခဥတ(နိုင်)၀၁၁၃၃၃	၅၆	အတွင်းရေးမှူး	၀၉-၄၅၈၀၈၁၂၂၃
၄	ဦးအောင်ကိုလင်း	ဦးဝင်းညွန့်	၅/ခဥတ(နိုင်)၀၇၄၀၄၉	၂၇	ဘဏ္ဍာရေးမှူး	၀၉-၉၇၄၆၀၀၃၆၅
၅	ဒေါ်မြင့်မြင့်သန်း	ဦးသန်းမြို့	၅/ခဥတ(နိုင်)၀၇၁၁၂၇	၅၁	စာရင်းကိုင်(၁)	၀၉- ၇၇၅၇၉၆၂၉၂
၆	ဦးမင်းမင်း	ဦးငြိမ်းမောင်	၅/ခဥတ(နိုင်)၀၄၉၆၈၉	၄၅	စာရင်းကိုင်(၂)	-
၇	ဦးပေါ	ဦးသံချောင်း	၅/ခဥတ(နိုင်)၀၁၁၅၀၁	၆၅	သေဉ့ကိုင်(၁)	၀၉- ၇၈၀၉၂၂၉၄၀
၈	ဒေါ်မော်စီ	ဦးပေါ်စ	၅/ခဥတ(နိုင်)၀၅၀၉၈၂	၄၅	သေဉ့ကိုင်(၂)	-
၉	ဦးထွန်း	ဦးတွတ်	-	၆၀	အဖွဲ့ဝင်	-
၁၀	ဒေါ်ခင်စန်းအေး	ဦးဖေတင်	၅/ခဥတ(နိုင်)၀၁၀၆၃၄	၅၀	အဖွဲ့ဝင်	-
၁၁	ဒေါ်ခိုင်မာဝင်း	ဦးပေါက်ကျိုင်း	၅/ခဥတ(နိုင်)၀၇၀၈၂၄	၄၀	အဖွဲ့ဝင်	-

၁၂	ဒေါ်အေးမြင့်သန်း	ဦးမြင့်ထူး	၅/ခဥတ(နိုင်)၀၉၇၈၈၂	၃၂	အဖွဲ့ဝင်	-
၁၃	ဒေါ်စန်းပိုင်	ဦးမြတ်ထွန်း	၅/ခဥတ(နိုင်)၀၁၁၀၁၆	၅၇	အဖွဲ့ဝင်	-

ကျေးရွာဖွံ့ဖြိုးရေး လက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၂၄	၂၈	၅၂
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၈၈	၇၀	၁၅၈
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၁၄၃	၁၂၄	၂၆၇
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၁၂၄	၉၉	၂၂၃
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၁၉၅	၁၄၂၀	၂၆၁၅
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၁၃၉	၂၀၅	၃၄၄
စုစုပေါင်း		**၁၇၁၃**	**၁၉၄၆**	**၃၆၅၉**
စုစုပေါင်း အိမ်ထောင်စု-၈၄၃				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက် ။ ။ ငါးယှန်ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၈၄၃) စုရှိပြီး လူဦးရေ စုစုပေါင်း (၃၆၅၉) ဦးရှိပါသည်။ အလုပ်လုပ်နိုင်သူဦးရေမှာ (၇၁%)၊ အလုပ်မလုပ်ကိုင်နိုင်သူ ကလေးသူငယ်များနှင့် သက်ကြီးရွယ်ကြီး ဦးရေမှာ (၁၅%) နှင့် ကျောင်းနေအရွယ် ဦးရေမှာ (၁၄%) ရှိပါသည်။

(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတု အခြေအနေ

(၂.၁) ကျေးရွာ၏ မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ ချောင်း၊ မြစ်၊ စိမ့်စမ်း စသည်)
လယ်မြေ	-	-	-	-
ယာမြေ	၄၅၁၆	သင့်	နည်း	မရှိ (မိုးရေ)
ဥယျာဉ်ခြံမြေ	-	-		
အိမ်ခြံဝင်း စိုက်ခင်း	-	-		
ကိုင်း/ကျွန်းမြေ	-	-		
စားကျက်မြေ	-	-		
ပလပ်မြေ	**-**	**-**		
သစ်တောမြေ	**-**	**-**		
စုစုပေါင်း	**၄၅၁၆**			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု

မှတ်ချက်။ ။ ရေရှိသည့် အရင်းအမြစ်အမျိုးအစား-ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

လေ့လာတွေ့ရှိချက်(အခက်အခဲ၊ စိန်ခေါ်မှုနှင့်အခြား)။ ။ ငါးယှန်ကျေးရွာတွင် စိုက်ပျိုးမြေယာ ဧကပေါင်း (၄၅၁၆)ဧကရှိပြီး စိုက်ပျိုးရေးမှာ မိုးရေကိုသာ အသုံးပြုရပါသည်။ မြေဆီလွှာ အနေ အထားမှာ အသင့်အတင့် ကောင်းမွန်ပါသည်။

(၂.၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၃) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	အသုံးပြုနိုင်မှု (လွယ်/ခက်/လက်လှမ်းမမှီ)
ကာဗွန်(ဓာတ်ငွေ့၊ ရေနံ)	-	-
ဓါတ်သတ္တု (ကျောက်မျက်၊သတ္တု၊ ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့်	-	-
အခြားသဘာဝ အရင်းအမြစ်	-	-
တိရစ္ဆာန်မျိုးစိတ်များ	-	-
အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော)	-	-
ပျမ်းမျှအပူချိန် - ၃၅°	ပျမ်းမျှ မိုးရေချိန် လက်မ ၃၀ နှင့် ၄၀ ကြား	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ ငါးယှန်ကျေးရွာအနေဖြင့် ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ မတွေ့ရှိပါ။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှု ဆိုင်ရာရှင်းလင်းဖော်ပြချက်
၁	အင်္ဂါ လူမှု ကူညီရေး အသင်း	၁□ ၂ Â ၃□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး Â လုံခြုံရေးနှင့် ကာကွယ်ရေး □	ကျေးရွာ၏ သာရေး၊နာရေး ကိစ္စများနှင့် ကျန်းမာရေး ကား ဝန်ဆောင်မှုပေးသော အဖွဲ့
၂	အမျိုးသမီးအဖွဲ့	၁□ ၂□ ၃ Â	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး Â စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □	ဓမ္မစကူးလ် အကျွေးအမွေး နှင့် တရားစခန်းကျွေးမွေး ရေးသန့်ရှင်းရေးဆောင်ရွက် သောအဖွဲ့

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှု ဆိုင်ရာရှင်းလင်းဖော်ပြချက်
			လုံခြုံရေးနှင့် ကာကွယ်ရေး □	
၃	ဓမ္မစကူးလ်	၁□ ၂□ ၃ Â	ပညာရေး Â ဌေကြေး □ ကျန်းမာရေး □ ဘာသာရေး Â စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွ101Aရေး □	ကျေးရွာရှိ ကလေးသူငယ်များ အတွက် ယဉ်ကျေး လိမ္မာ အသိပညာ၊ အတတ်ပညာ ပေးသောအဖွဲ့.
၄	ကန်ကော်မတီ	၁□ ၂ Â ၃□	ပညာရေး □ ဌေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကန်ရေရှိရေး ၊ သန့်ရှင်း သာယာရေးဆောင်ရွက်ပေး သောအဖွဲ့.
၅	မီးသတ်အဖွဲ့.	၁□ ၂ Â ၃□	ပညာရေး □ ဌေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး Â	ကျေးရွာ၏ မီးဘေးလုံခြုံရေး ကာကွယ်ပေးသော အဖွဲ့.
၆	ကျောင်းကော်မတီ	၁□ ၂ Â ၃□	ပညာရေး Â ဌေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကျေးရွာ၏ ပညာရေးအတွက် အထောက်အပံ့ပေးသောအဖွဲ့.
၇	ဂေါပက	၁□ ၂□ ၃ Â	ပညာရေး □ ဌေကြေး □ ကျန်းမာရေး □ ဘာသာရေး Â စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကျေးရွာရှိ ဘာသာရေး အတွက် ကြီးကြပ်ပေးသော အဖွဲ့.

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ဌေစုဌေချေးအဖွဲ့. စသည့်။

(၂) လူမှုရေးအဖွဲ့. - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊ စိန်ခေါ်မှုနှင့်အခြား)။ ။ ငါးယှန်ကျေးရွာတွင် လူထုအခြေပြု အဖွဲ့. အစည်း (၇) ဖွဲ့.ကို ကဏ္ဍာမျိုးစုံ ပါဝင်အောင် ဖွဲ့.စည်းထားပါသည်။

(၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(၄.၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၂၀ ဧကနှင့် အထက်	၁၀ ဧကနှင့် ၇ ဧက	၅ဧကနှင့် အောက်	မြေယာမဲ့
အိမ်အခြေအနေ	နံကပ်(၂)ထပ် Rc (၂) ထပ်	နံကပ်(၁)ထပ်	ပျဉ်ထောင်	သွပ်မိုးကပ်ကာ
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ထွန်စက်ကြီး၊ ကား	ထွန်စက်သေး /ထော်လာကျီ	-	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	တောင်သူကြီး စျေးသည်	တောင်သူလတ် မွေးမြူရေး	တောင်သူသေး	ကျောဘန်း
အိမ်ထောင်စု	၉၄	၁၅၅	၁၉၇	၃၉၇

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊ စိန်ခေါ်မှုနှင့်အခြား)။ ။ ငါးယှန်ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၈၄၃)စုရှိပြီး အဆင်ပြေသော အိမ်ထောင်စု(၁၁%)၊အလယ်အလတ်ရှိသော အိမ်ထောင်စု(၁၈%)၊ မပြေလည်သောအိမ်ထောင်စုနှင့် အလွန်မပြေလည်သော အိမ်ထောင်စု (၇၁%) ရှိပါသည်။

(၄.၂) သီးနှံထုတ်လုပ်ရေး

(၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား(၆) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၃၉၇	၄၇ %	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက် (၁ ဟတ် တာထိ)	၁၄၀	၁၇ %	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ ၅ဧကကြား (၂ ဟတ်တာထိ)	၁၈၈	၂၂ %	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား (၅ ဟတ်တာထိ)	၇၀	၈ %	အလယ်အလတ်စား တောင်သူ
၅	၁၂.၅ ဧက အထက် (၅ ဟတ်တာထိနှင့် အထက်)	၄၈	၆ %	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၈၄၃	၁၀၀ %	

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက် (အခက်အခဲ၊ စိန်ခေါ်မှုနှင့်အခြား)။ ။ ငါးယှန်ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စု (၄၇%)၊ ဆင်းရဲသားအိမ်ထောင်စု (၃၉%)၊အလယ်အလတ်ရှိတောင်သူ အိမ်ထောင် စု(၈%)နှင့်

အဆင်ပြေသော တောင်သူကြီး အိမ်ထောင်စု(၆%)ရှိပါသည်။

(၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား(၇) အဓိက သီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစု ပေါင်း စိုက် ကေ	တစ်ကေ အထွက်နှုန်း				အကျိုးအမြတ်ရရှိမှု (နည်း၊ သင့်၊ များ) ရှင်းလင်းဖော်ပြချက်
		ယူနစ်	အနည်း ဆုံး	အများ ဆုံး	ပျမ်း မျ	
မြေပဲ	၁၅၀၀	တင်း	၆	၁၆	၁၀	သင့်
ပဲစိမ်းငုံ	၂၀၄၈	တင်း	၈	၁၅	၁၀	နည်း ၊ ဈေးနည်း၊ အထွက်နည်း
နှမ်း	၄၁၀	တင်း	၅	၁၀	၇	သင့်
ဖရဲ	၁၀၀	တန်	၉	၁၂	၁၀	သင့်
ပဲတီစိမ်း	၁၇၈၆	တင်း	၅	၁၀	၇	နည်း၊ အထွက်လျော့

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ငါးယှန်ကျေးရွာတွင် အဓိကစိုက်ပျိုးသီးနှံ (၅)မျိုးရှိပါသည်။ စိုက်ပျိုးရေ အတွက် မိုးရေနှင့် ချောင်းရေကိုသာ အသုံးပြုရပြီး မြေအောက်ရေ အသုံးပြု၍ မရသောကြောင့် ရာသီဥတု မကောင်းပါက အရှုံးပေါ်မှုများဖြစ်ပေါ်ပြီး ရာသီဥတုနှင့် ဈေးကွက်ရရှိမှုကောင်းပါက အကျိုးအမြတ် ရရှိပါသည်။

(၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	-	၆၆၁
နို့စားနွား	-	-
ကျွဲ	-	-
မြင်း	-	-
မြည်း	-	-
လား	-	-
ဆိတ်	-	၅၁၉
သိုး	-	၃၄၆
ဝက်	-	၈၂၈
ကြက်	-	၂၄၁၂၈

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
ဘဲ	-	-
နွားနောက်	-	-
ငါးလုပ်ငန်း		
ငါးကန်	-	-
ပုဇွန်ကန်	-	-
ဂဏန်း မွေးမြူရေးလုပ်ငန်း	-	-
ရေချို ငါးဖမ်းလုပ်ငန်း	-	-
ကမ်းလွန် ငါးဖမ်းလုပ်ငန်း	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ငါးဟုန်ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းအနေဖြင့် ဝက်၊ကြက်များကို စီးပွားဖြစ် မွေးမြူကြသည်။ အချို့အိမ်ထောင်စုများသည် သိုး၊ဆိတ်များကို တစ်ပိုင်တစ်နိုင် မွေးမြူ ကြပြီး နွားများကို စိုက်ပျိုးရေးလုပ်ငန်းများတွင် ခိုင်းစေရန်အတွက်သာ မွေးမြူကြပါသည်။

(၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍာ

ဇယား(၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

စဉ်	လုပ်ငန်းအမည်(ထုတ်ကုန်လုပ်ငန်းနှင့် ဝန်ဆောင်မှု)	လုပ်ငန်းအေအတွက်	ဝန်ထမ်း/အလုပ်သမား အရေအတွက်	မိသားစုဝင် လုပ်အား	လုပ်ငန်းရပ်တည်နိုင်မှု (နိမ့်/လတ်/မြင့်)နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	-	-	-	-
၂	ထုတ်ကုန်လုပ်ငန်း	-	-	-	-
၃	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး	-	-	-	-
၄	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း	၁၀၇	-	၁၁၄	**နိမ့်**
၅	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	-	-	-	-
၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	-	-	-	-
၇	လက်လီ- လက်ကား ရောင်းဝယ်ရေး	၂၀	-	၂၀	**လတ်**

၈	ဟိုတယ် နှင့် စားသောက်ဆိုင်လုပ်ငန်း	-	-	-	-
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး	-	-	-	-
၁၀	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)	-	-	-	-
၁၁	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ	-	-	-	-
၁၂	ပညာရေး	၆	-	၉	လတ်
၁၃	ကျန်းမာရေး	၁	-	-	လတ်
၁၄	လူမှုရေး လုပ်ငန်းများ	-	-	-	-
၁၅	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါ လုပ်ငန်းများမှ အပ)	-	-	-	-
	စုစုပေါင်း အသက်မွေးဝမ်းလုပ်ငန်းလုပ်ကိုင်သူဦးရေ				

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု ၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ်အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ငါးယှန်ကျေးရွာတွင် လက်သမား ၊ ပန်းရံလုပ်ကိုင်သော အိမ်ထောင်စု (၁၀၇)စုရှိပြီး မွေးမြူရေး(ဝက်) နှင့် တွဲဖက်လုပ်ကိုင်ကြပါသည်။ လက်လီလက်ကား ရောင်းဝယ်ရေး အနေဖြင့် လုပ်ကိုင်သူအချို့ရှိပြီး လက်လီဆိုင်ရှင်လေးများမှာ ရပ်တည်နိုင်မှု နိမ့်ပါသည်။ ပညာရေး၊ ဝန်ထမ်းများ နှင့် ကျန်းမာရေးဝန်ထမ်း(၁)ဦး ရှိပါသည်။

(၅) အခြေခံ အဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(၅.၁) ဈေး

ဇယား(၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး (အနီးဆုံး <u>တစ်ခုကိုသာ</u>ဖော်ပြပါရန်)	အကြီးစားဈေးကွက် (အဓိက<u>တစ်ခုကိုသာ</u>ဖော်ပြပါရန်)
ဈေးအမည် (မြို့/ ရွာ)		
ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်)	၀ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် Â ၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☐	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် Â ၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☐၁၀၀မိုင်အထက်☐
သယ်ယူပို့ဆောင်ရေး နည်းလမ်း	ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် Â ကား/ထော်လာဂျီ Â ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐	ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် Â ကား/ထော်လာဂျီ Â ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ငါးယှန်ကျေးရွာ မှ (၃)မိုင်ခန့် ကွာဝေးသော ချောင်းဦးမြို့သို့ သွားရောက် ဝယ်ယူပြီး အကြီးစားစျေးကွက် ဝန်ဆောင်မှု ကောင်းမွန်စွာ ရရှိပါသည်။

(၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

လမ်း အမျိုးအစား	အမျိုး အစား	အရည်အသွေး	ရာသီအလိုက် သုံးစွဲနိုင်မှု	လမ်းအရှည် (မိုင်)
ရွာတွင်းလမ်း	၁ Â ၂□ ၃□ ၄□ ၅□	ကောင်း□ သင့် □ ညံ့ Â	မိုးတွင်းရာသီ Â တစ်နှစ်ပတ်လုံး□	၀-၁ မိုင် Â ၁-၅ မိုင် □ ၅-၁၀ မိုင် □ ၁၀မိုင်အထက်□
ချဉ်းကပ်လမ်း	၁ Â ၂□ ၃□ ၄□ ၅□	ကောင်း□ သင့် □ ညံ့ Â	မိုးတွင်းရာသီ Â တစ်နှစ်ပတ်လုံး□	၀-၁ မိုင် Â ၁-၅ မိုင် □ ၅-၁၀ မိုင် □ ၁၀မိုင်အထက်□
ရွာချင်းဆက်လမ်း	၁□ ၂ Â ၃□ ၄□ ၅□	ကောင်း□ သင့် Â ညံ့ □	မိုးတွင်းရာသီ □ တစ်နှစ်ပတ်လုံး Â	၀-၁ မိုင် Â ၁-၅ မိုင် □ ၅-၁၀ မိုင် □ ၁၀မိုင်အထက်□

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကျောက်ချောလမ်း - ၃၊ ကွန်ကရစ်လမ်း - ၄၊ ကတ္တရာလမ်း - ၅

လေ့လာတွေ့ရှိချက်။ ။ ငါးယှန်ကျေးရွာရှိ ရွာအဝင်လမ်း၊ ရွာတွင်းလမ်းများမှာ မြေသားလမ်း များဖြစ်ပြီး မိုးရာသီတွင်ကျေးရွာသူ/သားများ၊ကျန်းမာရေးကားနှင့် ကျောင်းသား/သူများ ရုံးဗွက်များ ထသောကြောင့် သွားလာရခက်ခဲပါသည်။

(၅.၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေ**ကြောင်း** သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ** အကွက်တွင် ✓ ခြစ်ပါ)။

သယ်ယူပို့ဆောင်ရေး	Nearest town အကွာအဝေး (မိုင်)	ရာသီအလိုက် သုံးစွဲနိုင်မှု
မြစ်ကြောင်း	၀ မှ ၁၀ မိုင် □ ၁၁ မှ ၂၀ မိုင် □ ၂၁ မှ ၅၀ မိုင် □ ၅၀မိုင် အထက် □ အသုံးမပြုပါ □	ပွင့်လင်းရာသီ□တစ်နှစ်ပတ်လုံး□
ပင်လယ်ရေကြောင်း	၀ မှ ၁၀ မိုင် □ ၁၁ မှ ၂၀ မိုင် □	ပွင့်လင်းရာသီ□ တစ်နှစ်ပတ်လုံး□

သယ်ယူပို့ဆောင်ရေး	Nearest town အကွာအဝေး (မိုင်)	ရာသီအလိုက် သုံးစွဲနိုင်မှု
	၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ☐	

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ငါးယှန်ကျေးရွာတွင် မြစ်ကြောင်း၊ ပင်လယ်ရေကြောင်း အသုံးပြုမှု မရှိပါ။

(၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား(၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	လှေ၊ သမ္ဘာန်	စက်လှေ	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်	ထော်လာကျီ	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်	-	-	၃၁	၈၂၀	-	၃၈	၁၁	-	၂၃၀

ရင်းမြစ်... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ငါးယှန်ကျေးရွာတွင် မော်တော်ဆိုင်ကယ် သုံးစွဲသူများပြားပြီး၊ တောင်သူလုပ်ငန်းအဓိက လုပ်ကိုင်သောကြောင့် နွားလှည်း အသုံးပြုသူများလည်း တွေ့ရပါသည်။

(၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

ရင်းမြစ်	အိမ်ထောင်စု
မဟာဓာတ်အားလိုင်း	၂၇၆
ဆိုလာစနစ်	၁၃၉
အသေးစားရေအားလျှပ်စစ်	-
ဒီဇယ်သုံးအင်ဂျင်	-
လေစွမ်းအင်	-
ဇီဝလောင်စာ	-
အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင် သော လျှပ်စစ်ဓာတ်အားပေးစနစ်	-
လျှပ်စစ်မီး အသုံးမပြုနိုင်သော	၄၂၈

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ငါးယှန်ကျေးရွာတွင် လျှပ်စစ်မီးရရှိသော အိမ်ထောင်စု(၃၃%)ရှိပြီး၊ ဆိုလာအသုံးပြုသော အိမ်ထောင်စု(၁၇%)နှင့် လျှပ်စစ်မီးမရရှိသော အိမ်ထောင်စု(၅၀%)ရှိပါသည်။

(၅.၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား(၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ အခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ/စလောင်း
အရေအတွက်	၈၁၁	၂၂	၂၁၃

ရင်းမြစ်... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ငါးယှန်ကျေးရွာတွင် ဆက်သွယ်ရေးလိုင်းစုံရရှိပြီး ဖုန်းသုံးစွဲသူ အများအပြားရှိပါသည်။သတင်းနှင့်နည်းပညာများ ရရှိစေရန် ဖုန်း၊ရေဒီယိုနှင့် တီဗွီ အသုံးပြုသူများလည်း တွေ့ရှိရပါသည်။

(၆) ပညာရေး

